ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

## ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏
## ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးခြင်းနှင့်သက်ဆိုင်သော သဘောထားထုတ်ပြန်ကြေညာချက်-

**ဒီဇင်ဘာလ ၄-ရက်၊ ၂၀၁၁-ခု။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အာဏာရအစိုးရအဆက်ဆက်နှင့် ဗမာမဟုတ်သောတိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခသည် လူမျိုးရေးအရတန်းတူအခွင့်အရေးမရှိသည့်အတွက် ဖြစ်ပေါ်နေရခြင်းဖြစ်သည်။ ထိုသို့ လူမျိုးရေးအရတန်းတူမှုမရှိခြင်းသည် ယနေ့မြန်မာပြည်နိုင်ငံရေး၏ အခရာကျသော နိုင်ငံရေးပြဿနာဖြစ်သည်။

၂။ "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်"ဖြေရှင်းခြင်းမပြုပဲ အာဏာရထားသူများက စစ်အင်အားသုံးဖြေရှင်းခြင်း၊ အပစ်ရပ်ပြီး "ဒေသဖွံ့ဖြိုးရေး" နည်းဗျူဟာကို ကျင့်သုံးနေခြင်းသည် ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ၏ "နိုင်ငံရေးအရတန်းတူမှုရရှိရေး"တိုက်ပွဲကို လှည့်စားသောနည်းဖြင့် ဖြိုခွဲနေခြင်းဖြစ်သဖြင့် နှစ်ပေါင်း(၆၀)ကျော် ငြိမ်းချမ်းရေးနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

၃။ ဦးသိန်းစိန်အစိုးရသည် လွန်ခဲ့သောဩဂုတ်လ(၁၈)ရက်နေ့တွင် ကြေညာချက်ထုတ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခဲ့ပြန်သည်။ သို့သော် တဖွဲ့ချင်းစီသာတွေ့ဆုံဆွေးနွေးရန်သတ်မှတ်ထားသည်။ ဤသည်မှာ လွယ်ကူလျှင်မြန်သောနည်းလမ်းမဟုတ်သည့်အပြင် UNFC၏စုစည်းညီညွတ်မှုကို ဖြိုခွဲလိုခြင်းဖြစ်သည်ဟုလည်းရှုမြင်သည်။

၄။ ဤသည်ကိုသတိထားမိသောကြောင့် UNFC သည် စစ်ဖြစ်နေသောဒေသအားလုံး တပြိုင်တည်းအပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဖြေရှင်းရေးနှင့် ထိုသို့ဆွေးနွေးဖြေရှင်းရာတွင် ပြည်ထောင်စုအစိုးရကိုယ်စားလှယ်များနှင့် UNFC တပ်ပေါင်းစုကိုယ်စားလှယ်များ ဆွေးနွေးရမည်ဆိုသည့် အခြေခံမူကိုချမှတ်ခဲ့သည်။ သို့ရာတွင် ငြိမ်းချမ်းရေးလမ်းစရှာဖွေရန်အတွက် UNFC အဖွဲ့ဝင်အင်အားစုများအား တဖွဲ့ချင်းစီ၏လုပ်ပိုင်ခွင့်ကို လေးစားသောအနေဖြင့် တဖွဲ့ချင်းတွေ့ဆုံခွင့်ပြုခဲ့ပြီး၊ အဆုံးအဖြတ်ကိုမူ UNFC နှင့်ဆွေးနွေးရန်ဆိုသည့် "မူတရပ်"ကို ချမှတ်ခဲ့ပါသည်။

၅။ ထိုမူအပေါ်တွင်ရပ်တည်ပြီး UNFC အဖွဲ့ဝင်များသည် ပြည်နယ်အစိုးရနှင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရနှင့်ဖြစ်စေ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဦးသိန်းစိန်အစိုးရသည် UNFC အဖွဲ့ဝင်များကို တဖွဲ့ချင်းစီခေါ်ယူတွေ့ဆုံပြီးသဘောတူညီမှုရယူရန် ကြိုးပမ်းနေပါသည်။ UNFC အဖွဲ့ဝင်များမှ အစိုးရနှင့်မိမိတို့အကြား အမြင်သဘောထားဖလှယ်နိုင်ရေးကိုဦးတည်ပြီး သီးခြားစီတွေ့ဆုံနေသော်လည်း UNFC ၏အခြေခံမူအပေါ်တွင်သာ ရပ်တည်ဆွေးနွေးနေကြပါသည်။ အစိုးရနှင့် သီးခြားသဘောတူညီမှုကို မည်သည့်အဖွဲ့မှ မပြုလုပ်ခဲ့ကြပါ။ ထိုသို့ခွဲထုတ်၍မရသဖြင့် UNFC အဖွဲ့ဝင်မဟုတ်သော အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အလျှင်စလို လိုက်လံဆွေးနွေး သဘောတူညီမှု ရယူနေပါသည်။

၆။ ပြည်ထောင်စုအစိုးရနှင့် UNFC တိုင်းရင်းသားတပ်ပေါင်းစုတို့ တွေ့ဆုံဆွေးနွေးကြမည်ဆိုပါလျှင် လွယ်ကူလျှင်မြန်မည် ကိုသိသော်လည်း သီးခြားတဖွဲ့ချင်းစီနှင့်သာ ဆွေးနွေးဖြေရှင်းရန် ကြံစည်နေခြင်းသည် ရိုးသားသောလက္ခဏာ မဟုတ်ပေ။ တဖွဲ့ချင်းစီကွဲပြားနေမှ အားနည်းပြီးအကျပ်ကိုင်၍ရနိုင်မည်ဟူသော ရည်ရွယ်ချက်နှင့် ထိုသို့ကြိုးပမ်းနေခြင်းဖြစ်နိုင်သည်။

၇။ သို့ဖြစ်၍ UNFC အဖွဲ့ဝင်များသည် မိမိတို့အဖွဲ့ဝင်များအတွင်း ညှိနှိုင်းချမှတ်ထားသော "မူ"အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ပြီး ဆွေးနွေးနေကြသည်။ အစိုးရဖက်မှ အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုပါက UNFC အဖွဲ့ဝင်အချို့အား ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းကိုရပ်ဆိုင်းပြီး မိမိတို့တင်ပြနေသော မှန်ကန်သည့် "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်" တွေ့ဆုံ ဆွေးနွေးဖြေရှင်းနည်းကို အမြန်ဆုံးဖော်ဆောင်ပါရန် UNFC သဘောထားကို အသိပေးပါသည်။

ဗဟိုကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ(UNFC)